The VOICE Weekly

**The Voice Weekly, 14 Feb 2005**

14 The VOICE Monday, February 14, 2005 INTERVIEW

# "HIV/AIDS ဝေဒနာရှင်တွေကို မြန်မာ့ထေရဝါဒနည်းကျ အကူအညီပေးသွားမယ်"

## ပထမဆုံး ဗုဒ္ဓဘာသာ NGO ရတနာ့မေတ္တာအဖွဲ့နှင့် တွေ့ဆုံခြင်း

နိုင်းယဉ်ကျေး




**H**IV/AIDS တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်နေကြသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (Non-governmental Organization) များစွာ ရှိသည့်အနက် ဘာသာရေးအသင်းအဖွဲ့များလည်း အပါအဝင် ဖြစ်သည်။ ယင်းဘာသာရေးအခြေခံ NGO အဖွဲ့အစည်းများအနက် ဗုဒ္ဓဘာသာကို အခြေခံ၍ ပထမဆုံး ဖွဲ့စည်းထားသည့် ရတနာ့မေတ္တာအဖွဲ့၏ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**V : အခုလို HIV/AIDS ကာကွယ်တားဆီးဖို့အတွက် ဘယ်လို အကြောင်းတွေကနေဆော်ပေးခဲ့တာလဲ။**

M : ထိုင်းနိုင်ငံမှာ ရဟန်းတော်တွေ ဦးဆောင်ပြီး HIV/AIDS ဝေဒနာရှင်တွေကို ကူညီစောင့်ရှောက်နေတဲ့ သံဃမေတ္တာအဖွဲ့ဆိုတာ ရှိတယ်။ သူတို့အဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေ အောင်မြင်မှုရနေတာ တွေ့ရတယ်။ သက်တမ်းအားဖြင့်လည်း ဆယ်နှစ်ကျော်နေပြီလို့ သိရတယ်။

မြန်မာနိုင်ငံမှာ တခြား ဘာသာရေးအဖွဲ့အစည်းတွေကလည်း ဒီ HIV/AIDS ကာကွယ်တားဆီးရေး လုပ်နေကြပြီ။ ကျွန်တော်တို့ ဘာသာအနေနဲ့လည်း လုပ်ရမယ်ဆိုတာ ခံယူမိလို့ ထိုင်းသံဃမေတ္တာအဖွဲ့ကို နမူနာယူပြီး ဖွဲ့စည်းဆောင်ရွက်တာပါ။ ဒါပေမယ့် ထိုင်းသံဃမေတ္တာအဖွဲ့နဲ့တော့ မတူပါဘူး။

**V : ထိုင်းသံဃမေတ္တာအဖွဲ့နဲ့ ဘယ်လိုခြားနားမှု ရှိသလဲ။**

M : ထိုင်းက ရဟန်းတော်တွေက ကိုယ်တိုင်ဆေးကု၊ ကိုယ်တိုင်ငွေကြေးစီမံခန့်ခွဲလို့ ရတယ်။ မြန်မာနိုင်ငံမှာက ထေရဝါဒဗုဒ္ဓဘာသာဆိုတော့ ရဟန်းတော်တွေ ဆေးကုသခွင့်နဲ့ ငွေကြေးဝတ္ထုခံယူခွင့်မရှိတဲ့အတွက် ကွာခြားမှု ရှိပါတယ်။

**V : အခု ဒီမှာက ဘယ်လို စီမံခန့်ခွဲနေတာလဲ။**

M : ကျွန်တော်တို့က ဗုဒ္ဓနည်းကျ ထေရဝါဒနည်းကျ လုပ်သွားမှာပါ။ ခေတ်သစ်ဆေးသိပ္ပံပညာနဲ့ ကာကွယ်မှုနည်းလမ်းတွေကိုပါ အသိပညာ ဖြန့်ဖြူးသွားမယ့်အပြင် ဗုဒ္ဓဘာသာရဲ့ အခြေခံဖြစ်တဲ့ ငါးပါးသီလလုံခြုံအောင် သီလစောင့်ထိန်းနိုင်အောင် စာရိတ္တပိုင်းကို မြှင့်တင်နိုင်ဖို့ အဓိက ဆောင်ရွက်သွားမှာပါ။

လက်ရှိအနေနဲ့ကတော့ အခု အဖွဲ့ကို ဗုဒ္ဓဘာသာသာသနာ့အကျိုးဆောင်ရွက်နေတဲ့ အဖွဲ့ကိုးဖွဲ့ပေါင်းပြီး ဖွဲ့စည်းထားတာပါ။ မနှစ်က နိုဝင်ဘာလမှာ UNICEF ရဲ့ အကူအညီနဲ့ အဖွဲ့ဝင် ၃၆ ယောက်ကို သင်တန်းပေးခဲ့တယ်။ ဒီနှစ်မှာ ဆရာဖြစ်သင်တန်း အမှတ်စဉ်(၁)ကို အဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ဖွင့်လှစ်နေပါပြီ။ အဲဒီကနေ တစ်ဆင့်စီ ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**V : ရောဂါခံစားနေရသူတွေ အတွက်ရော ဘယ်လိုစီမံထားပါသလဲ။**

M : လူတိုင်းဟာ တစ်နေ့ အမှန်တကယ် သေကြရမှာဖြစ်ပေမယ့် ဘယ်နေ့ဘယ်အချိန်မှာ ဘယ်လို သေရမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ ရောဂါခံစားရသူတွေကတော့ သူတို့ရဲ့ နောက်ဆုံးအချိန်က သေချာနေပြီ ဖြစ်တယ်။ အဲဒီအခါမှာ စိတ်ကျရောဂါ မဝင်အောင်၊ လူ့အသိုင်းအဝိုင်းက အကြည်ခံရချိန်မှာ စိတ်ဓာတ်ရေးရာ ချို့တဲ့မှုတွေမဖြစ်အောင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့အညီ ပေးကူညီသွားမှာပါ။ ပြီးတော့လည်း AIDS ဝေဒနာရှင်တွေ စိတ်ကျရောဂါ ခံစားရပြီဆို သူတို့သက်တမ်းက ပိုပြီး နည်းသွားဖို့ ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့က အာနာပါနကမ္မဋ္ဌာန်းနဲ့ သူတို့ရဲ့ စိတ်ကျန်းမာရေး၊ ကိုယ်ကာယကျန်းမာရေးကို တတ်နိုင်သလောက် သက်တမ်းပိုရှည်အောင် ကူညီပေးမှာပါ။ ပြီးတော့ AIDS ဝေဒနာရှင်တွေဟာ အဆုတ်ရောဂါ ခံစားရလေ့ ရှိတယ်။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ရင်း အဆုတ်ရောဂါ သက်သာစေနိုင်သလို ရောဂါကိုလည်း ထိန်းချုပ်ဟန့်တားထားနိုင်ပါတယ်။

တရားအကျင့် အနိုင်အမာရလာမယ်ဆိုရင် အခုဘဝအတွက်ရော၊ နောင်ဘဝအတွက်ပါ အကျိုးရှိမှာပါ။ ဗုဒ္ဓဘာသာဆိုတာ ရှေ့ဘဝ၊ နောက်ဘဝ သံသရာကို လက်ခံယုံကြည်ထားပြီး သားလေ။

**V : အဖွဲ့ရန်ပုံငွေကျတော့ ဘယ်လို ရှာသလဲ။ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ မရဘူးလား။**

M : ဒီအဖွဲ့အစည်း ပေါ်ပေါက်လာဖို့ ထိုင်းနိုင်ငံမှာရှိတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ သွားတက်ရပါတယ်။ အဲဒီကို သွားနိုင်ဖို့ UNICEF က ပံ့ပိုးကူညီခဲ့တာတော့ ရှိပါတယ်။ ဒီနေ့အထိတော့ ဘယ်နိုင်ငံတကာအဖွဲ့အစည်းဆီကမှ ငွေကြေးအကူအညီ မယူထားသေးပါဘူး။

ကျွန်တော်တို့က မြန်မာနည်း မြန်မာဟန် ထေရဝါဒဗုဒ္ဓဘာသာလမ်းစဉ်အတိုင်း သွားမှာဖြစ်တဲ့အတွက် သူတို့ဆီက အကူအညီယူလိုက်ရင် သူတို့ရဲ့နည်းစနစ်၊ သူတို့ရဲ့မူဝါဒနဲ့ သူတို့ရဲ့ဩဇာလွှမ်းမိုးမှုအောက် ရောက်မှာ စိုးတယ်။ ဒီတော့ ကိုယ့်မြန်မာ ထေရဝါဒနည်းနာအတိုင်း အကောင်အထည်ဖော်နိုင်ဖို့ ကိုယ့်အဖွဲ့ရဲ့ ရန်ပုံငွေနဲ့ပဲ ရပ်တည်ပါတယ်။ ပြည်တွင်းက ဗုဒ္ဓဘာသာဝင် အလှူရှင်တွေဆီက ပါဝင်ပူးပေါင်းဖို့နဲ့ ရန်ပုံငွေ လှူဒါန်းထည့်ဝင်ဖို့ လိုလားပါတယ်။ ဖိတ်လည်း ဖိတ်ခေါ်ပါတယ်။

**V : လုပ်ငန်းပုံမှန် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်အောင် အဖွဲ့ကို ဘယ်လိုပြင်ဆင်ထားသလဲ။**

M : ဒီရတနာ့မေတ္တာအဖွဲ့ကို ၂၀၀၄ ခုနှစ် ဩဂုတ်လမှာ ထူထောင်ခဲ့ပြီး စက်တင်ဘာလမှာ ပြန်ပြင်ဆင်ဖွဲ့စည်းခဲ့တယ်။ ဝိဇ္ဇာတတ်ကျွမ်းကျင်တဲ့ ဆရာတော်ကြီးတွေ၊ သီလရှင်ဆရာကြီးတွေ၊ ဆေးပညာရှင်ဆရာဝန်တွေနဲ့ ပူးပေါင်းပြီး သင်တန်းတွေပေးနိုင်အောင် သင်ရိုးညွှန်းတမ်းပြုစုထားတယ်။

ဒီနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ရတနာ့မေတ္တာအထွေထွေဆေးကုခန်း ဖွင့်ခဲ့ပြီး သံဃာတော်တွေနဲ့ သီလရှင်တွေကို အခမဲ့ကုသပေးနေပါတယ်။ ရန်ပုံငွေရအောင် လူတွေကိုလည်း သက်သာတဲ့ စရိတ်စကနဲ့ ကုသပေးပါတယ်။ ရန်ပုံငွေ လုံလုံလောက်လောက် ရရင်တော့ အားလုံး အခမဲ့ကုသပေးသွားမှာပါ။

**V အဖွဲ့ကိုလာပြီးပါဝင်ပူးပေါင်းကြတဲ့အင်အားအခြေအနေကရော။**

M : အဓိက,ကတော့ ကိုးဖွဲ့ ရှိပါတယ်။ မန္တလေးမြို့က မောင်တော်ဦး ပရဟိတကျောင်း၊ သူက ကျောင်းသားပေါင်း ၆၀၀၀ ကျော် ရှိပါတယ်။ မျဉ်းမနား ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့၊ မှန်ကင်းပရဟိတကျောင်း၊ ငှက်ပျောကျွန်း သီလရှင်မိန်းကလေးကျောင်း၊ အဆောက်အဦသာသနာ့ဝန်ဆောင်အဖွဲ့၊ မင်္ဂလာချူပၘအဖွဲ့၊ မေတ္တာချူပၘအဖွဲ့၊ သာသနာ့ရံသာအဖွဲ့၊ မြတ်ရတနာ ဓမ္မစာပေ သင်တန်းအဖွဲ့တို့ ဖြစ်တယ်။ အဖွဲ့ဝင်အင်အားအနေနဲ့ကတော့ အားရစရာ ရှိပါတယ်။ တဖြည်းဖြည်းချင်း သင်တန်းနဲ့ ဆွေးနွေးပွဲတွေလုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမှာပါ။ အခုဆိုရင် တစ်ဦးချင်း စေတနာ့ဝန်ထမ်းလာရောက်ပူးပေါင်းဆောင်ရွက်တာတွေလည်း ရှိလာပြီ။

**V : HIV/AIDS နဲ့ ပတ်သက်ပြီး အဖွဲ့အနေနဲ့ ပြောလိုတာရှိရင်။**

M : တကယ်တော့ ဒီ HIV/AIDS ဖြစ်ရတာ အများဆုံးက လိင်အပျော်အပါးကြောင့် ၇၀ ရာခိုင်နှုန်း ရှိတယ်။ တခြား ဆေးထိုး၊ ကူးစက်က ၃၀ ရာခိုင်နှုန်း ရှိတယ်လို့ ဆိုပါတယ်။ အဲဒီတော့ များနေတဲ့ လိင်အပျော်အပါးကိစ္စကို လျှော့ချဖို့ အလေးပေးပြီး ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနဲ့အညီ တားဆီးသွားပါမယ်။ နောက်ပြီး လူသားဆိုတော့ မလွဲမရှောင်သာဖြစ်လာခဲ့ရင်လည်း ခေတ်သစ်နည်းပညာများ သုံးစွဲကာကွယ်ဖို့ တွန်းအားပေးသွားမှာပါ။ အဖွဲ့ရဲ့လုပ်ငန်းစဉ်တွေ အောင်မြင်မှုရမယ်လို့ မျှော်လင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရှေ့တောင်အာရှမှာ သံဃာတော်တွေရဲ့ ဩဇာကြီးမားမှု ရှိနေလို့ပါပဲ။

နိုင်းယဉ်ကျေး